## ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် “စံ” များ ထုတ်ပြန်ခြင်း

၁။ ရန်ကုန်စတော့အိပ်ချိန်း (YSX) သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ ပုဒ်မ-၄၁(ခ)နှင့်အညီ မှတ်ပုံတင်ခွင့်ပြု၍ အစုရှယ်ယာ ရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် “စံ” များကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ပေးရန်တာဝန်ကန့်သတ်ထားသည့်လီမိတက်ကုမ္ပဏီဖြစ်ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ အင်္ဂါရပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နေသော ကုမ္ပဏီဖြစ်စ်ရမည်။

(ခ) အစုရှယ်ယာဝင်ဦးရေအနည်းဆုံး ၁၀၀ နှင့်အထက်ရှိရမည်။

(ဂ) လျှောက်ထားသည့်နေ့တွင် ထည့်ဝင်ပြီးမတည်ရင်းနှီးငွေ အနည်းဆုံးကျပ် ၅၀၀ သန်းရှိရပါမည်။

(ဃ) လျှောက်ထားသည့်နေ့မတိုင်မီ အနည်းဆုံး (၂)နှစ်တာကာလအတွင်း လုပ်ငန်းအမြတ်ရရှိရမည်။

(င) တည်ဆဲဥပဒေများနှင်အညီ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်၍ တည်ငြိမ်သောဝင်ငွေအခြေခံရှိရမည်။

(စ) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် အကျင့်စာရိတ္တကောင်းမွန်၍ ပြစ်ဒဏ်ကျခံဘူးခြင်း မရှိသူများဖြစ်ရမည့်အပြင် အမှုရင်ဆိုင်နေရသူများမဖြစ်စေရ။ တာဝန်ကျေပွန်သူဖြစ်၍ တရားမျှတစွာ၊ ဥပဒေနှင့်အညီ စိတ်ကောင်းစေတနာကောင်းများဖြင့် ဆောင်ရွက်သူများဖြစ်ရမည်။

(ဆ) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် မိမိအကျိုး၊ ကုမ္ပဏီအကျိုးအတွက် အများပြည်သူ အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆိုပြုလုပ်မှုမျိုး မပြုလုပ်ရ။

(ဇ) ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်စေရန် အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဒါရိုက်တာအဖွဲ့ဝင် လူကြီးတစ်ဦးချင်းသည် အစုရှယ်ယာရှင်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှ တစ်ပါး ယင်းကုမ္ပဏီမှ ဆောင်ရွက်နေသောလုပ်ငန်းနှင့် အကျိုးစီးပွားခြင်းတူသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုရ။

(ဈ) ကုမ္ပဏီနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် အစိုးရအဖွဲ့အစည်း၊ အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည်မည်းစာရင်းတွင် ပါဝင်ခြင်းမရှိရ။

(ည) ကုမ္ပဏီ၏စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့် စာရင်းစစ်စံသတ်မှတ်ချက် (သို့) နိုင်ငံတကာစာရင်းကိုင်စံများနှင့် စာရင်းစစ်စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဋ) ကုမ္ပဏီသည် မြန်မာနိုင်ငံ၏တည်ဆဲအခွန်ဥပဒေများနှင့်အညီ အခွန်တာဝန် ကျေပွန်ရမည်။

(ဌ) ကုမ္ပဏီနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ အများပြည်သူသိသင့်သည့် အချက်အလက်များကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့သို့ ထုတ်ဖော်တင်ပြရမည့်အပြင် အများပြည်သူသိနားလည်လွယ်သည့် သင့်တော်သောနည်းလမ်းဖြင့် အများပြည်သူသို့ အချိန်မှီထုတ်ဖော်ကြေငြာရမည်။ ထိုသို့ ထုတ်ဖော်ကြေငြာရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များပြုလုပ်မှုကို ထိခိုက်စေနိုင်မည့် အချက်များ၊ ဆုံးရှုံးနိုင်မှုအလားအလာဟု ယူဆရသောအချက်များ၊ လုပ်ငန်းဆောင်ရွက်မှုပြုနိုင်မည့် အခြေခံအလားအလာများ စသည်တို့ကို အထူးပြု ဖော်ပြရမည်။

(ဍ) ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရန်အတွက် ကြီးကြပ်မည့်အရာရှိ (Compliance Officer) ခန့်ထား၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများလိုက်နာရန် ထိရောက်သော စနစ်တစ်ရပ်ထားရှိဆောင်ရွက်ရမည်။

(ဎ) လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ လုပ်ငန်းဆောင်ရွက်မည့်ဝန်းကျင်နှင့် ဆုံးရှုံးမှုအလားအလာဆိုင်ရာအချက်များပါဝင်သော လုပ်ငန်းစီမံချက်ထားရှိဆောင်ရွက် ရမည်။

(ဏ) အတွင်းသတင်းအချက်အလက်သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း (Insider Trading) ကို ကာကွယ်တားဆီးရန်စနစ်တစ်ရပ် ထူထောင်ထားရှိ ဆောင်ရွက်ရမည်။

(တ) ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့်ကုမ္ပဏီအတွင်းစီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုစနစ်များထားရှိ၍ စီမံခန့်ခွဲမှုကို မလျော်ညီဇာကင်းရှင်း၍ တည်ငြိမ်စွာနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။

(ထ) အနာဂတ်တွင် တည်ငြိမ်သော အမြတ်ရရှိရန် အကြောင်းအကျိုးညီညွတ်သော မျှော်မှန်းချက်ရှိရမည်။

၂။ အဆိုပါသတ်မှတ်ချက် "စံ" များသည် အနိမ့်ဆုံးအဆင့် (minimum standard) သတ်မှတ်ချက်များသာဖြစ်ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနေဖြင့် အထွေထွေ လမ်းညွှန်ချက်အဖြစ် သိရှိအသုံးပြုနိုင်စေရန် ဖြစ်ပါသည်။ စတော့အိပ်ချိန်းတွင် စာရင်းဝင်မှတ်ပုံတင်ရန် လျှောက်ထားလာသည့်အခါတွင် ကုမ္ပဏီတစ်ခုချင်းအလိုက် အသေးစိတ်စိစစ်၍ အများပြည်သူအတွက် စိတ်ချရမှသာ ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။